# ဓုတင်တစ်ဆယ့်သုံးပါး(ဓုတင်အကြောင်းသိကောင်းစရာ



တစ်ချို့တော်တော်များများက ဓူတင်ဟုခေါ်ဝေါ်တတ်ကြတယ်။ဓူတင် မဟုတ်ပါဘူး ဓုတင်ပါ။ဓုတင်္ဂဆိုတဲ့ပါဠိပုဒ်ကနေ ဆင်းသက်လာတာပါ။ဓုတင်္ဂ = ဓုတင်

ဓုတင်ဆိုသည်မှာ ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် ခါထုတ်ဖျတ်စီးတတ်သော အကျင့်ကို ဓုတင်လို့ခေါ်တာပါ။ထိုကဲ့သို့ ကိလေသာ တို့ကို တဒင်္ဂ ပဟာန်အားဖြင့် စွန့်ပယ်နေခြင်းကို ဓုတင်ဆောင်သည်ဟုခေါ်ပါတယ်။ ဓုတင်က တစ်ဆယ့်သုံးပါးထိရှိပါတယ်။အဲဒါတွေက

(၁)။ပံ့သကူ ဓုတင် =ပံ့သကူသင်္ကန်းကို ဝတ်ရုံသုံးဆောင်သောအကျင့်။

(၂)။တိစီဝရိတ် ဓုတင် =သင်္ကန်းသုံးထည်ကိုသာ ဝတ်ရုံသုံးဆောင်သောအကျင့်။

(၃)။ပိဏ္ဍပါတ် ဓုတင် =ဆွမ်းခံ၍ စားသော အကျင့်။

(၄)။သပဒါနာစာရိကဓုတင်=အိမ်စဉ် မကျော်ပဲ ဆွမ်းခံသော အကျင့်။

(၅)။ကေသနိက် ဓုတင် =တစ်နေရာတည်း၌ ဣရိယာပုတ် မပြောင်းပဲ စားသော အကျင့်။

(၆)။ပတ္တပိုဏ် ဓုတင် =စားခွက် တစ်ခုတည်း၌သာ စားဖွယ်အားလုံးထည့်၍ စားသေးအကျင့်။

(၇)။ခလုတ်ပစ္ဆာဘတ်ဓုတင်=တော်ပြီဟု တားမြစ်ပြီးနောက် စားကောင်းသော ဝိနည်းကံပြုထားသော စားဖွယ်ကိုပင်မစားတော့သော အကျင့်။

(၈)။အာရညကင် ဓုတင်တ =တောရကျောင်း၌ နေသော အကျင့်။

(၉)။ရုက္ခမူ ဓုတင် =သစ်ပင်အောက်၌ နေသော အကျင့်။

(၁၀)။အဗ္ဘောကာသိက ဓုတင်=အမိုးမရှိသော လဟာပြင်၌နေသော အကျင့်။

(၁၁)။သုသာန် ဓုတင် = သုသာန်၌နေသော အကျင့်။

(၁၂)။ယထာသန္တတိ ဓုတင် = မိမိအတွက် ချထားသော ကျောင်းအိပ်ရာ နေရာ၌သာ နေသောအကျင့်။

(၁၃)။နိသဇ္ဇိ ဓုတင် = မလျောင်းပဲ သွား၊ရပ်၊ထိုင်၊ဣရိယာပုတ်ဖြင့်သာ နေသော အကျင့်အားဖြင့် (၁၃)ပါးရှိပါတယ်။

**(၁)။ပံ့သကူ ဓုတင်**

ပံ့သကူ ဓုတင် ဆောက်တည်သော ရဟန်းက တစ်စုံတစ်ယောက်က လှူဒါန်းတဲ့ သင်္ကန်းကို မဝတ်ရုံရပါဘူး၊ဆိုလိုတာက သူတစ်ပါး စွန့်ပစ်ထားတဲ့ အဝတ်များကို ကောက်ယူ လျှော်ဖွပ် ချုပ်ဆိုးပြီး ဝတ်ရုံရပါတယ်။ဒါကို ပံ့သကူဓုတင် လို့ခေါ်တာပါ။အကယ်၍ တစ်စုံတစ်ယောက်လှူတဲ့ သင်္ကန်းကို ဝတ်ရုံလိုက်မယ်ဆိုရင် ပံ့သကူ ဓုတင်ပျက်ပါတယ်။ပျက်လျှင် ပြန်ပြီးဆောက်တည်လို့ရပါတယ်။

**(၂)။တိစီဝရိတ် ဓုတင်**

တိစီဝရိတ် ဓုတင်ဆောက်တည်တဲ့ရဟန်းက ခါးဝတ်(သင်းပိုင်)၊ကိုယ်ရုံ(ကေသီ)၊

ဒုကုဋ္ဌ(နှစ်ထပ်သင်္ကန်း) ဟူသော သုံးထည်သော သင်္ကန်းကို ဝတ်ရုံသုံးဆောင်

ရတာပါ။သုံးထည်အထက် ပို၍ သုံးဆောင်မိလျှင် တိစီဝရိတ်ဓုတင် ပျက်စီးပါတယ်။

**(၃)။ပိဏ္ဍပါတ်ဓုတင်**

ပိဏ္ဍပါတ်ဓုတင်ဆောင်တဲ့ ရဟန်းက ဆွမ်းခံ၍ ရတဲ့ဆွမ်းကိုသာဘုဉ်းပေးရပါတယ်။ပင့်ဖိတ်လို့ကပ်တဲ့

ဆွမ်းကို မဘုဉ်းပေးရပါဘူး။ဆွမ်းခံလို့ရတဲ့ဆွမ်းမှတစ်ပါး ပင့်ဖိတ်ကပ်လှူတဲ့ဆွမ်းကိုဘုဉ်းပေးလိုက်မယ်

ဆိုရင် ပိဏ္ဍပါတ် ဓုတင်ပျက်ပါတယ်။

**(၄)။သပဒါန စာရိက ဓုတင်**

ထို ဓုတင်ကို ဆောက်တည်သော ရဟန်းရဟန်းက အိမ်စဉ် မကျော်ပဲ အိမ်စဉ်လိုက်တိုင်းဆွမ်းရပ်ရပါ

တယ်။သို့သော် ဘေးရန် ရှိသော အိမ် လမ်း၊ ရွာ စသည်တို့ကိုလည်းကောင်း၊ဆွမ်းမလောင်းသော

အိမ် လမ်း ရွာ စသည်တို့ကိုလည်းကောင်း ကျော်သွားနိုင်ပါတယ်။ဒါပေမယ့် မက်မောသော
တဏှာလောဘအဖြစ်နဲ့တော့ အိမ်စဉ်ကိုကျော်လို့မရပါ။ကျော်မည်ဆိုပါက ထိုဓုတင်ပျက်ပါတယ်။

**(၅)။ဧကာသနိက် ဓုတင်**

ထိုဓုတင်ကို ဆောင်တဲ့ရဟန်းက တစ်နေ့လျှင် တစ်နေရာတည်း၌ တစ်ထိုင်တည်းသော ဣရိယာပုတ်
ဖြင့်သာ ဆွမ်းဘုဉ်းပေးရခြင်းကိုဆိုလိုတာပါ။နှစ်နေရာ ၊သုံးနေရာ စသည်ဖြင့်
နေရာများ၌ဆွမ်းဘုဉ်းမပေးရပါဘူး။ထိုသို့ပြုမည်ဆိုပါက ထို ဓုတင်ပျက်ပါတယ်။

**(၆)။ပတ္တပိဏ္ဍိက် ဓုတင်**

ထိုဓုတင်ကိုဆောင်တဲ့ ရဟန်းက ခဲဖွယ် ဘောဇဉ်ကို တစ်ခွက်တည်း၊တစ်သပိတ်တည်း၌ပင်လျှင်
ထည့်၍စားရပါတယ်။နှစ်ခွက်၊သုံးခွက် ထည့်ပြီးမစားရပါဘူး။တစ်ခွက်တည်းမှာပင် စားဖွယ်အား

လုံးကို ရောမွှေ၍ဖြစ်စေ၊တစ်မျိုးပြီးမှ တစ်မျိုးဖြစ်စေစားရပါတယ်။အောက်ထစ်ဆုံးအားဖြင့် သစ်

ရွက်စိမ်းကိုမူ လက်မှာကိုင်ပြီးတော့ စားနိုင်ပါတယ်။ဓုတင်မပျက်ပါ။သို့သော်လက်ဖြင့်ကိုင်ပြီး စားမည်

ဆိုပါက ကြည်၍မလျော်သဖြင့် သပိတ်ထဲ၌ ထည့်စားခြင်းသာလျှင် အကောင်းဆုံးဖြစ်ပါတယ်။

ဒါပေမယ့် နှစ်ခုမြောက် စားခွက် သပိတ်ကိုထည့်စားမည်ဆိုပါက ထိုဓုတင်ပျက်ပါတယ်။

**(၇)။ခလုပစ္ဆာဘတ် ဓုတင်**

ထိုဓုတင်ကိုဆောင်တဲ့ရဟန်းက ဆွမ်းစားစဉ် တော်ပြီ၊ဖိုက်ပြည့်ပြီ ထပ်မထည့်နဲ့တော့ဟု တားမြစ်ပြီးမှ

နောက်ထပ် ထပ်စားလိုပြန်၍ အတိရိတ်ဝိနည်းကံ စားထိုက်သော ကံကို ဒကာမစီမံသော်လည်း ဆွမ်း

ဘောဇဉ်ကိုမစားရပါ။စားမည်ဆိုပါက ဓုတင်ပျက်ပါတယ်။(ထိုဓုတင်မဆောင်သော ရဟန်းများကျတော့
တော်ပြီဟုတားမြစ်သော်လည်း တစ်ဖန် ဒကာ ဝိနည်းကံနဲ့ လျှော်ညီအောင်စီမံမည်ဆိုပါကစားကောင်း

စားကောင်းပါတယ်)။

**(၈)။အာရညကင်ဓုတင်**

ထိုဓုတင်ကိုဆောင်တဲ့ရဟန်းသည် အနီးဆုံးရွာနဲ့ လေးအတတ်သင်ဆရာ၏ ညွှတ်တင်ထားသော
လေးနှင့် အပြန်ငါးရာ အနည်းဆုံးဝေးကွာသောတောရကျောင်းမှာ နေရပါတယ်။အကြောင်းကိစ္စရှိလျှင်

ရွာအတွင်း၌နေနိုင်သော်လည်း အရုဏ်မတက်မီ တောရကျောင်းသို့ပြန်လာပြီး ထိုကျောင်း၌ပင်လျှင်
အရုဏ်တက်ရပါတယ်။ကျိန်းစက်ရပါတယ်။ရွာကျောင်းမှာနေလိုစိတ်ဖြင့် အရုဏ်တက်ချိန်တွင်

ရွာကျောင်း၌နေမည်ဆိုပါက အာရညကင်(တောရ) ဓုတင်ပျက်ပါတယ်။

**(၉)။ရုက္ခမူလဓုတင်**

ထိုဓုတင်ကိုဆောက်တည်သောရဟန်းက အုတ်ကြွပ်၊ကျောက်ပြား၊အင်္ဂတေ၊သက်ကယ်၊သစ်ရွက်

စသည်တစ်ခုခုဖြင့် မိုးထားတဲ့ အရိပ်အာဝါသမှာ သီတင်းမသုံးရပါဘူး။သစ်ပင်အောက်၌ပင်လျှင်

သီတင်းသုံးရပါတယ်။ဓုတင်ဆောင် ပုဂ္ဂိုလ် အမြတ်စား၊အလတ်စား၊အညံ့စားဟု သုံးမျိုးသုံးစား

ရှိသည့်အနက် အမြတ်စားပုဂ္ဂိုလ်မှာ သစ်ပင်ကောင်းကိုမရွေးတော့ပဲ မည့်သည့်သစ်ပင်အောက်၌

မဆို နေရပါတယ်။အလတ်စားပုဂ္ဂိုလ်ကတော့ သစ်ပင်အောက်ကို ရောက်လာသူများကို အရှင်းခိုင်းခွင့်

ရှိပါတယ်။အညံ့စားပုဂ္ဂိုလ်ကတော့ ကျောင်းသား သာမဏေတို့ကို သစ်ရွက်ရှင်း၊သဲခင်း၊နံ့ရံကာ တံခါး

တပ်စေလျက် နေခွင့်ရှိပါတယ်။

အမိုးမိုးထားတဲ့ အရိပ်အာဝါသ အောက်တွင်နေရင်တော့ ထိုဓုတင်ပျက်တော့သည်။

**(၁၀)။အဗ္ဘောကာသိက ဓုတင်**

ထိုဓုတင်ဆောင်တဲ့ရဟန်းသည် ဟင်းလင်းပြင် လွင်ထီးခေါင်ပြင်မှာသာနေရပါတယ်။အမိုးရှိတဲ့အရိပ်။

သစ်ပင်စသည်၌ မဝင်ရပါ။သို့သော် ဥပုသ်ပြုခြင်း၊တရားနာခြင်း၊စာသင်၊စာချ ရန်အတွက်တော့နေလို့

ရပါတယ်။ဆရာဥပဇ္ဈာယ်တို့ရဲ့ ဝတ်ကြီး ဝတ်ငယ်ပြုရန်အတွက်ဝင်ခွင့်ရသလို ထိုအကြောင်းကြောင့်
ဝင်နေစဉ် မိုးရွာမည်ဆိုပါက မိုးတိတ်အောင်ပင်နေခွင့်ရှိပါတယ်။ဓုတင်မပျက်ပါဘူး။ထိုကိစ္စများမှလွဲပြီး

အမိုးရှိသော နေရာကိုဖြစ်စေ၊သစ်ပင်အောက်ကိုဖြစ်စေ ဝင်လျှင် ထိုဓုတင်ပျက်ပါတယ်။

**(၁၁)။သုသာန်ဓုတင်**

ထိုဓုတင်ကိုဆောင်သော ရဟန်းသည် သုသာန်သို့ ညအခါသွား၍ ထိုသုသာန်၌ နေပြီး မိုးသောက်ယံ၌
သုသာန်မှထွက်သင့်ပါတယ်။လူတို့က သုသာန်ဟု သတ်မှတ်ထားသော်လည်း သူသေအလောင်း မချ

မမြှုပ် မရှို့ရသေးလျှင် သုသာန်မမည်ပါ။ဘီလူး သရဲ စသည်တို့နှစ်သက်သော ငါး၊အမဲ၊နို့ရည်၊ဆီ၊

တင်လဲ စသည် တို့ကိုမမှီဝဲရပါဘူး။သုသာန်မဟုတ်သော နေရာ၌နေခြင်း၊သုသာန်သို့ မသွားသောနေ့

ရှိလျှင် ထိုဓုတင်ပျက်တော့သည်။

**(၁၂)။ယထာသန္တတိဓုတင်**

ထိုဓုတင်ကိုဆောင်သော ရဟန်းသည် မိမိအားချပေးထားတဲ့ နေရာ၊ကျောင်းအိပ်ရာ ၌ပင်လျှင်နေရပါ

တယ်။ထိုနေရာ၌ မက်မောသောစိတ်ဖြင့် မိမိစိတ်ကြိုက်ပြုပြင်ပြီးနေခြင်း၊နေရာ၌နေလိုသော တဏှာ

ဖြင့် ရဟန်းငယ်များနေမရအောင် မပြုလုပ်ရပါ။ကျောင်းအိပ်ယာ၌ မက်မောသော တဏှာဖြစ်ကာမျှဖြင့်

ထိုဓုတင်ပျက်ပါတယ်။

## (၁၃)။နိသဇ္ဇိဓုတင်

ထိုဓုတင်ကိုဆောင်တဲ့ ရဟန်းသည် သွားခြင်း၊ရပ်ခြင်း၊ထိုင်ခြင်း၊ထိုင်ခြင်း
ဣရိယာပုတ်ဖြင့်သာနေရပါတယ်။လျောင်းတဲ့ ဣရိယာပုတ်နဲ့ နေလို့မရပါဘူး၊လျောင်း၍ အိပ်စက်ခြင်း

ပြုကာမျှ၌ပင်လျှင် ထိုဓုတင်ပျက်ပါတယ်။ဓုတင်အားလုံးကို ပျက်မည်ဆိုပါက
တစ်ဖန်ပြန်ပြီးဆောက်တည်လို့ရပါတယ်။ထိုဓုတင်အကျင့်တို့ကို စွမ်းနိုင်သမျှ ကျင့်ကြံမည်ဆိုပါက
လိုချင်တက်မက်သော လောဘ၊မကျေနပ်သော ဒေါသ၊မိုက်မဲခြင်းမောဟ စတဲ့ကိလေသာတို့ကို

ခေါင်းပါးစေသလို ကုသိုလ်များလည်းတိုးပွားစေပြီးအကျိုးများလှပါတယ်။သို့သော်
ဓုတင်ဆောင်သူသည် မိမိဓုတင်ဆောင်ခြင်းအမှုကို အများသိအောင် လူတွေ့တိုင်းပြောပြလျှက်
ကျင့်မည်ဆိုပါက ဓုတင်ံ အပ္ပိစ္ဆာဂုဏ်(ဓုတင်၌အလိုလောနည်းခြင်း)ဂုဏ်နှင့် မဟပ်မိတော့ပါ။ထို့ကြောင့်

ဓုတင်ဆောင်သူသည် မိမိ ဓုတင်ဆောင်သူ အဖြစ်ကို မပြောမိစေရန် သတိထားဖို့လိုအပ်လှကြောင်းကို

သိစေလိုသဖြင့် ဓုတင်(၁၃)ပါးအကြောင်းကို တင်ပြရေးသားလိုက်ပါသည်။